**ISP** Conflict & Security Tracker 2026

CST2026-02 I September 30, 2026

# ကျောက်တော်မြို့နယ် အိန္ဒိယဈေးပုံးကြဲခံရမှုအပါအဝင်

## အရပ်သားများအစုအပြုံလိုက်သတ်ဖြတ်ခံရမှု ၁၁၅ ကြိမ်ထက်မနည်းရှိလာ

အာဏာသိမ်းမှုနောက်ပိုင်း ငါးနှစ်ကျော်ကာလအတွင်း အရပ်သား ၁၀ ဦးနှင့်အထက် အစုအပြုံလိုက်သတ်ဖြတ်ခံရမှု ၁၁၅ ကြိမ်ထက်မနည်းရှိခဲ့ပြီး အရပ်သား ၂,၃၂၄ ဦး သေဆုံးခဲ့သည်။ သေဆုံးသူအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့်မှာ လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်သည်။

CST2026-02 I September 30, 2026

# အရပ်သားများ အစုအပြုံလိုက်သတ်ဖြတ်ခံရမှု ၁၁၅ ကြိမ်ထက်မနည်း ရှိလာ

| | |
|---|---|
| ကာလ (Period) | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကနေ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်အထိ။ |
| ဖြစ်ရပ်/ အဖြစ်အပျက်များ (Incidents/ events) | ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အိန္ဒိယ ဈေးနှင့် ကစ္ဆပနဒီတံတားဝန်းကျင်၌ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၅၀ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ အာဏာသိမ်းမှုအလွန် ငါးနှစ်ကျော် ကာလအတွင်း အရပ်သား ၁၀ ဦးနှင့်အထက် အစုအပြုံလိုက်သတ်ဖြတ်ခံရမှု ၁၁၅ ကြိမ်ထက်မနည်းရှိခဲ့ပြီး အရပ်သား ၂,၃၂၄ ဦး သေဆုံးခဲ့သည်။ သေဆုံးသူအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့်မှာ လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်သည်။ |
| တည်နေရာ (Locations) | ရန်ကုန်တိုင်းမှအပ နိုင်ငံတဝန်း။ |
| အဖွဲ့အစည်းများ (Actors involved) | မြန်မာစစ်တပ်နှင့် တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များ။ |
| ဖြစ်ရပ်အမျိုးအစား (Types) | လက်နက်တမျိုးမျိုးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရခြင်း၊ မီးရှို့ခံရခြင်းနှင့် လေကြောင်း တိုက်ခိုက်ခံရခြင်းတို့ကြောင့် အရပ်သားများ အစုအပြုံလိုက် သတ်ဖြတ်ခံရမှု။ |
| အခြေအနေ ဦးတည်ချက် (Status/trends) | ဖြစ်စဉ်များအနက် အကြိမ် ၁၁၀ ထက်မနည်းကို မြန်မာစစ်တပ်ကကျူးလွန်ခဲ့ပြီး အရပ်သား ၂,၂၂၇ ဦးထက်မနည်း သေဆုံးခဲ့သည်။ မြန်မာစစ်တပ်နှင့် ၎င်းကိုထောက်ခံသူများမဟုတ်သော အခြားလက်နက်ကိုင်များ ကျူးလွန်ခဲ့သည့်ဖြစ်စဉ် ငါးကြိမ်ရှိပြီး အရပ်သား ၉၇ ဦးထက်မနည်း သေဆုံးခဲ့သည်။ မြန်မာစစ်တပ်တွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပြီးနောက် ကချင်၊ ရခိုင်နှင့် ကရင် စစ်မျက်နှာများတွင် အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်မှုများ ပြုလုပ်ခဲ့သည်။ လေကြောင်းနှင့် ဒရုန်းတိုက်ခိုက်မှုများ တိုးမြှင့်လာပြီး အစုအပြုံလိုက်သတ်ဖြတ်ခံရမှုများ ဆက်ဖြစ်နေသည်။ |
| အန္တရာယ်အဆင့် (Risk Level) | တော်လှန်ရေးတပ်များ၏ ထိန်းချုပ်နယ်မြေများနှင့် စစ်ရေးတင်းမာနေသော နယ်မြေများရှိ အရပ်သားများမှာ ထိခိုက်နိုင်ခြေအန္တရာယ် အမြင့်ဆုံးရှိနေသည်။ အရပ်သား နေအိမ်များအပြင် သာသနိကအဆောက်အအုံများ၊ ဆေးရုံနှင့် စာသင်ကျောင်းများပါ ပစ်မှတ်ထားခံနေရသဖြင့် ပဋိပက္ခများအတွင်း အရပ်သားများအပေါ် ကာကွယ်မှုပေးနိုင်စွမ်း အဆိုးရွားဆုံး နိမ့်ကျနေပါသည်။ |
| သက်ရောက်နိုင်ခြေ (Implications) | စစ်အနိုင်ရလိုသည့် ရည်မှန်းချက်နှင့် စစ်ရေးပစ်မှတ်မဟုတ်သော နေရာများရှိ အရပ်သားများကိုပါ ပစ်မှတ်ထားခြင်းသည် ကျူးလွန်ခံရသူတွင်သာမက ကျူးလွန်သူများ အပေါ်တွင်လည်း ဆိုးကျိုးရှိစေသည်။ ထိုသို့ ပစ်မှတ်ထားတိုက်ခိုက်သဖြင့် အရပ်သား သေဆုံးမှုဦးရေနှင့် အိုးအိမ်ဖျက်ဆီးခံရမှုများလည်း မြင့်မားလာသည်။ ကျူးလွန်သည့် အဖွဲ့အစည်းများသည်လည်း စစ်ရာဇဝတ်ကျူးလွန်မှုမှတ်တမ်း ပိုများလာနိုင်သည်။ |

# အစုအပြုံလိုက်သတ်ဖြတ်ခံရမှုများကြောင့် ခြောက်လအတွင်း သေဆုံးသူ ၁၇၀ ကျော်ရှိ

ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပြီးနောက်ပိုင်း ခြောက်လတာအတွင်း နိုင်ငံတဝန်းတွင် အစုအပြုံလိုက်သတ်ဖြတ်ခံရမှု **ခုနစ်ကြိမ်ထက်မနည်း**ရှိခဲ့ပြီး **အရပ်သား ၁၇၃ ဦးထက်မနည်း** သေဆုံးခဲ့သည်။ ထိုအထဲမှ **၁၁၁ ဦးထက်မနည်း**သည် လေကြောင်းတိုက်ခိုက်ခံရမှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ယင်းအနက် **၆၄ ဦးထက်မနည်း**မှာ ရခိုင်ပြည်နယ်တခုတည်း၌ သေဆုံးခဲ့ရသူများဖြစ်သည်။ အာဏာသိမ်းမှုနောက်ပိုင်း ငါးနှစ်ကျော်ကာလအတွင်း အစုအပြုံလိုက်သတ်ဖြတ်ခံရမှု **၁၁၅ ကြိမ်ထက်မနည်း**ရှိခဲ့ကာ **အရပ်သား ၂,၃၂၄ ဦး** သေဆုံးခဲ့သည်။




**မြစ်ခြေဖြစ်စဉ်**

**၂၀၂၆ ခုနှစ် မေလ**

မကွေးတိုင်း ပခုက္ကူမြို့နယ် မြစ်ခြေမြို့အတွင်းသို့ မြန်မာစစ်တပ်၏ အင်အား ၅၀၀ ခန့်ရှိသော စစ်ကြောင်းသည် မေလ ၁၀ ရက်တွင် စတင်ဝင်ရောက်လာပြီး ဒေသခံများကို ဖမ်းဆီးသတ်ဖြတ်ခဲ့၍ အရပ်သား ၅၀ ဦးထက်မနည်း သေဆုံးခဲ့သည်။

**မလှိုင်ဖြစ်စဉ်**

**၂၀၂၆ ခုနှစ် ဩဂုတ်လ**

မန္တလေးတိုင်း မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာတွင် ဩဂုတ် ၃၁ ရက်က လက်နက်ကိုင်တပ်ဖွဲ့များ ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ရွာခံ ၁၂ ဦး သေဆုံးခဲ့သည်။ မည်သည့်တပ်ဖွဲ့က လုပ်ဆောင်ကြောင်း အတည်ပြုနိုင်ခြင်း မရှိသေးပါ။ မီဒီယာများတွင် ဒေသခံ တော်လှန်ရေးတပ်ဖွဲ့ဖြစ်သည့် Guardians of Mahlaing က သေဆုံးသူများမှာ ပျူစောထီးနှင့် လက်နက်ကိုင်ပြည်သူ့စစ်များဖြစ်သည်ဟု ဖြေကြားသော်လည်း မြန်မာစစ်တပ်ကမူ ဒေသခံအရပ်သားများဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**ကျောက်တော်ဖြစ်စဉ်**

**၂၀၂၆ ခုနှစ် စက်တင်ဘာလ**

ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ လူစည်ကားရာ အိန္ဒိယဈေးနှင့် ကစ္ဆပနဒီတံတားဝန်းကျင်ကို မြန်မာစစ်တပ် ဂျက်တိုက်လေယာဉ်က ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ဗုံးနှစ်လုံး ကြဲချတိုက်ခိုက်ခဲ့ရာ အရပ်သား အနည်းဆုံး ၅၀ ဦး သေဆုံးကာ ၆၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း အာရက္ခတပ်တော်က ထုတ်ပြန်ထားသည်။

**သတ်ဖြတ်ခံရသူ အရေအတွက်**

- ၁၀ ဦးမှ ၂၃ ဦးအကြား
- ၂၃ ဦးမှ ၇၆ ဦးအကြား
- ၇၆ ဦးမှ ၁၇၀ ဦးအကြား

**အစုအပြုံလိုက်သေဆုံးခဲ့မှု အမျိုးအစားများ**

- မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်ခြင်း
- မြန်မာစစ်တပ်စစ်ကြောင်းဝင်ချိန် မီးရှို့သတ်ဖြတ်ခြင်း
- မြန်မာစစ်တပ်၏ လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်ခြင်း
- မြန်မာစစ်တပ်စစ်ကြောင်းဝင်ချိန် သတ်ဖြတ်ခြင်း
- အခြားလက်နက်ကိုင်တပ်ဖွဲ့များ၏ သတ်ဖြတ်ခြင်း

**ဒေတာအချက်အလက် - ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကနေ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်အထိ။** ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source)ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ အစုအပြုံလိုက်သတ်ဖြတ်ခံရမှုများကို ဖော်ပြရာတွင် အရပ်သား ၁၀ ဦးနှင့်အထက်သေဆုံးခဲ့သည့် ဖြစ်ရပ်များကိုသာ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။ လက်နက်တမျိုးမျိုးဖြင့် တိုက်ခိုက်ခံရခြင်း၊ မီးရှို့ခံရခြင်းနှင့် လေကြောင်းတိုက်ခိုက်ခံရခြင်းများကြောင့်ဖြစ်ခဲ့သည့် အစုအပြုံလိုက်သတ်ဖြတ်ခံရမှုအားလုံးကို ထည့်သွင်းထားပါသည်။